EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၁)၊ ဇူလိုင်လ (၃၀) ရက်၊ ၂၀၁၆

## တိုင်းဒေသကြီးလွှတ်တော်ရုံးဝန်ထမ်းများ ပြည်ထဲရေးလက်အောက်ခံဖြစ်၍ အခက်တွေ့


ဓာတ်ပုံ - မန္တလေးလွှတ်တော် Website

ဇူလိုင် ၂၄၊ ၂၀၁၆

တိုင်းဒေသကြီး လွှတ်တော်ရုံးများရှိ ရုံးဝန်ထမ်းများမှာ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ခံဝန်ထမ်းများဖြစ်နေ၍ အခက်ကြုံနေရကြောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဒေါက်တာခင်မောင်ဌေးက ပြောကြားသည်။

လွှတ်တော်ရုံးဝန်ထမ်းများအနေနှင့် အသစ်တက်လာသည့် ကိုယ်စားလှယ်များအတွက် လိုအပ်သော အချက်အလက်များ ထောက်ပံ့ရမည်ဖြစ်ရာ လက်ရှိလွှတ်တော်ရုံး ဝန်ထမ်းများသည် အရည်အချင်းပြည့်မီသူနည်းပါးပြီး ကိုယ်စားလှယ်များမှာလည်း မသိနားမလည်မှုများရှိသောကြောင့် လုပ်ငန်းအခက်အခဲများဖြစ်စေသည်ဟု ၎င်းကဆိုသည်။

"လွှတ်တော်ဘတ်ဂျက် သီးသန့်ရှိရမယ်၊ လွှတ်တော် ဝန်ထမ်းတွေကို လွှတ်တော်ကနေ လစာပေးနိုင်ရင်တော့ လုပ်ကိုင် လို့ရတယ်။ အခုက ပြည်ထဲရေးကနေ လစာပေးတယ်။ ဝန်ထမ်း တစ်ယောက်ကို ဖြုတ်တာ၊ ခန့်တာ၊ ရာထူးတိုးတာတွေက ပြည်ထဲရေးလက်အောက်မှာပဲ ရှိနေတယ်" ဟု ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်(ခ) ဦးတင့်ဆွေက ပြောကြားသည်။

လက်ရှိတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များတွင် လွှတ်တော်ရုံးမှ လစာပေးနိုင်ပြီဖြစ်ရာ တိုင်းဒေသကြီးများတွင်လည်း ယင်းသို့လုပ်ဆောင်နိုင်ရန် လွှတ်တော်များအဖွဲ့က လုပ်ဆောင်နေကြောင်း လွှတ်တော်ကိုယ်စားလှယ်များ အသိုင်းအဝိုင်းထံမှ သိရသည်။

*(ကိုးကား - The Voice Daily မှ ကောက်နုတ်တင်ပြသည်။)*

## ရန်ကုန်တိုင်း အစိုးရက အထပ်ပြန်လျှော့ရန် ညွှန်ကြားခဲ့သည့် အထပ်မြင့် အဆောက်အအုံများနှင့် စပ်လျဉ်း၍ လွှတ်တော်ကော်မတီက အစိုးရထံ သုံးသပ်ချက် ပြန်လည်တင်ပြ


ဓာတ်ပုံ - ဒေါ်စန္ဒာမင်း Facebook Page

ဇူလိုင် ၂၇၊ ၂၀၁၆

ရန်ကုန်မြို့တွင် ယခင်အစိုးရ လက်ထက်က ပါမစ်ကြီးကျပြီးသားနှင့် မူအားဖြင့် ခွင့်ပြုခဲ့သည့် အထပ်မြင့် အဆောက်အအုံများကို ပြန်လည်စစ်ဆေးရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရက ညွှန်ကြားခဲ့ပြီး အထပ်မြင့်အဆောက်အအုံ ၂၀၀ ကျော် ရပ်နားထားရပြီး ယင်းတို့အနက်မှ ပါမစ်ကြီးကျပြီးသား ၁၂ လုံးမှာ အထပ်များ ပြန်လျှော့ခံခဲ့ရသည်။

အထပ်များ ပြန်လျှော့ရန် ညွှန်ကြားခဲ့သည့် အဆောက်အအုံများ၏ ပိုင်ရှင်များအနက် ရှစ်ဦးက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေး ကော်မတီထံတိုင်ကြားခဲ့သည်။ တိုင်ကြားရာတွင် ၎င်းတို့၏ နစ်နာမှုများနှင့် အဆိုပါ ဆောက်လုပ်ရေး လုပ်ငန်းများမှ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သည့်ကိစ္စများကိုပါ ထည့်သွင်းတိုင်ကြားခဲ့သဖြင့် ပြန်လည်စစ်ဆေးကြားနာခဲ့ပြီး ကွင်းဆင်းစစ်ဆေးမှုများပါ ပြုလုပ်ခဲ့ကြောင်း ကော်မတီဥက္ကဋ္ဌဒေါ်စန္ဒာမင်းက ပြောကြားသည်။

ကော်မတီမှ သွားရောက်စစ်ဆေးရာ ထိုအထပ်မြင့် ဆောက်လုပ်ရေးလုပ်ငန်းများ၌ လွဲချော်မှု ရှိသည်ကို မတွေ့ခဲ့ကြောင်း၊ မူလဥပဒေကို ဖောက်ဖျက်ကာ ဆောက်ခဲ့သည်ဆိုပါက အရေးယူရမည်ဖြစ်သော်လည်း ဖောက်ဖျက်ထားသည်ကို မတွေ့ရသည့်အတွက် အရေးယူရန်မသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ သုံးသပ်ချက် ပြန်လည်တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*(ကိုးကား - www.elevenmyanmar.com မှ ကောက်နုတ်တင်ပြသည်။)*



ဓာတ်ပုံ - ကရင်ပြည်နယ်လွှတ်တော်

## ကရင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရေချိုငါးလုပ်ငန်းဥပဒေကို ဖြည့်စွက်သည့်ပုဒ်မခွဲများ ဆွေးနွေး

ဇူလိုင် ၂၂၊ ၂၀၁၆

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင်လ ၂၁ ရက်နေ့ နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

လိပ်သိုမြို့အား မြို့နယ်အဆင့် တိုးမြှင့်သတ်မှတ်ပေးပါရန်အဆို၊ လယ်ယာမြေလျော့နည်းဆုံးရှုံးမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံအား အစိုးရဌာနဆိုင်ရာ ရုံးခန်းများ၊ ခန်းမများနှင့် စာသင်ကျောင်းများတွင် ဂုဏ်ပြုပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူခဲ့သည်။ ကရင်ပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် ကရင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေကို ဖြည့်စွက်သည့်ပုဒ်မခွဲများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

*(ကိုးကား - ကြေးမုံသတင်းစာမှ ကောက်နုတ်တင်ပြသည်။)*

## သတင်းဓာတ်ပုံ


ဓာတ်ပုံ - မြန်မာ့တိုင်းမ် Website

မကွေးတိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံသစ်ကို မကြာမီလပိုင်းအတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ပြီး နှစ်နှစ်အတွင်း အပြီးသတ် တည်ဆောက်သွားမည်ဟု မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ပြောကြား
(အထက်ပါဓာတ်ပုံ - လွှတ်တော်သစ် ဒီဇိုင်း)


ဓာတ်ပုံ - (Sagaing Regional Information Page ) Facebook

ActionAid နှင့် Planet Wheeler တို့ အစီအစဉ်ဖြင့် (၂၉.၇.၂၀၁၆) တွင် တိုင်းဒေသကြီးအဆင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပနေစဉ်

ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
---------
၀၉ ၂၆၀၀၀၇၅၁၉

www.emref.org
www.facebook.com/emrmyanmar

## သတင်းတို

➤ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအား စောင့်ကြည့်လိုသူများကို နည်းပညာပိုင်းနှင့် လေ့ကျင့်မှုပိုင်းများက အစကူညီပေးမည်ဖြစ်ကြောင်း ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ဦးဓနိုင်က ပြောကြားသည်။ ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို လေ့လာစောင့်ကြည့်သော ရန်ကုန်အခြေစိုက် NGO တစ်ခုဖြစ်သည်။

*(ကိုးကား - The Voice Daily)*

➤ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်အရ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။

*(ကိုးကား - မြန်မာ့အလင်း ဇူလိုင် ၂၇ ရက်၊ ၂၀၁၆)*

➤ ဇူလိုင်လ ၂၁ ရက်နေ့ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မိုးလုံလေလုံအားကစားခန်းမကြီး၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများတွေ့ဆုံကာ ဒေသလိုအပ်ချက်များ ဆွေးနွေးခဲ့ကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စည်ပင်တို့အပါအဝင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ချက်ချင်း ဆောင်ရွက်ပေးမည်ဟု ပြောကြားကာ ချက်ချင်းမဆောင်ရွက်ပေးနိုင်သော ကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

*(ကိုးကား- မြန်မာ့အလင်း ဇူလိုင် ၂၆ရက်)*

## ပြည်နယ်နှင့်တိုင်းလွှတ်တော်များမှ တပ်မတော်သားကိုယ်စားလှယ်များ၏ ရာထူးအဆင့်

| ပြည်နယ်/တိုင်း | ဗိုလ်မှူးချုပ် | ဗိုလ်မှူးကြီး | ဒုဗိုလ်မှူးကြီး | ဗိုလ်မှူး | ဗိုလ်မှူး/ ဗိုလ်ကြီး | ဗိုလ်ကြီး | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ကချင် | _ | ၁ | _ | ၉ | ၁ | ၂ | ၁၃ |
| ကယား | _ | ၁ | _ | ၃ | _ | ၁ | ၅ |
| ကရင် | _ | ၁ | ၁ | ၃ | _ | ၁ | ၆ |
| ချင်း | _ | ၁ | _ | ၂ | _ | ၃ | ၆ |
| မွန် | _ | ၁ | _ | ၅ | ၁ | ၁ | ၈ |
| ရခိုင် | _ | ၁ | ၂ | ၇ | _ | ၂ | ၁၂ |
| ရှမ်း | _ | ၁ | ၁ | ၂၁ | ၁ | ၁၀ | ၃၄ |
| စစ်ကိုင်း | _ | ၁ | _ | ၉ | ၃ | ၁၂ | ၂၅ |
| တနင်္သာရီ | _ | ၁ | _ | ၅ | _ | ၁ | ၇ |
| ပဲခူး | _ | ၁ | _ | ၁၄ | ၁ | ၃ | ၁၉ |
| မကွေး | _ | ၁ | _ | ၉ | _ | ၇ | ၁၇ |
| မန္တလေး | _ | ၁ | ၂ | ၁၂ | ၃ | ၁ | ၁၉ |
| ရန်ကုန် | ၁ | ၁ | ၃ | ၂၀ | ၂ | ၄ | ၃၁ |
| ဧရာဝတီ | _ | ၁ | _ | ၆ | _ | ၁၁ | ၁၈ |
| စုစုပေါင်း | ၁ | ၁၄ | ၉ | ၁၂၅ | ၁၂ | ၅၉ | ၂၂၀ |

EMReF
Enlightened Myanmar Research Foundation

သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။

**မှတ်ချက်**

**ဖွန်လ ၂၂ရက်နေ့မှ စာရင်းဖြစ်သည်။ အပြောင်းအလဲ အနည်းငယ် ရှိနိုင်သည်။**

MyPILAR
မြန်မာနိုင်ငံရေး သတင်းအချက်အလက်မဏ္ဍိုင်
Myanmar Political Information: linking analytical resources

**www.mypilar.org**
**www.facebook.com/mypilarmyanmar**